မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးရုံးတင်သည့် ကိစ္စအပေါ် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (ရောမ) ဥပဒေအရ အရေးယူဆောင်ရွက်ရန် ပန်ကြားချက်

၁။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်မပေးလျှင် နှစ်ပေါင်းများစွာသတ်ဖြတ်မှုများအပါအဝင် ပြစ်မှုကြီးများအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အစ တာဝန်ရှိ စစ်ခေါင်းဆောင်များအပေါ် နိုင်ငံတကာတရားရုံး တရားစွဲအရာရှိချုပ်က စုံစမ်းအရေးယူပေးရန် တောင်းဆိုမည်ဟု အရှေ့တီမော သမတ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဟိုဆေးရားမို့စ်ဟိုတာက ယမန်နေ့က ကြေငြာလိုက်ကြောင်း သိရသည်။ ယင်းအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီက လိုက်လှဲစွာကြိုဆိုသည်။

၂။ သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် ဖြစ်ပွားနေသော ပြစ်မှုကြီးများနှင့် စပ်လျှဉ်း၍ တရားမျှတမှုကို ဖေါ်ဆောင်နိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန် ဆန္ဒမရှိခြင်း၊ အရေးယူဆောင်ရွက်နိုင်စွမ်းမရှိခြင်း ဟူသည့်အခြေအနေတရပ်ရပ် ဖြစ်ပေါ်နေပါက နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် ၄င်း၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ခြေရှိလာနိုင်သည်။ ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စေါင့်ရှောက်သည့် ဥပဒေအရချုပ်နှောင်နိုင်သည့် ငါးနှစ်တာကာလထက် ကျော်လွန်ကာ ဥပဒေမဲ့ဆက်လက်ချုပ်နှောင်ထားခြင်းကို တရားရုံးက မည်သည့် အကာအကွယ်မျှမပေးခြင်း၊ အဆိုပါ ဥပဒေအရ ကန့်သတ်ချက်ကိုချိုးဖေါက်ကြောင်းဖြင့် နအဖ၏ တိုင်တန်းမှုကို လက်ခံစစ်ဆေးခြင်းမှာ တရားရုံး၏ အလုပ်မဟုတ်ပါဘဲလျှက်ဆောင်ရွက်ခြင်းစသည်တို့အရ ပြည်တွင်း တရားစီရင်ရေးစနစ်သည် တရားမျှတမှုကို ဖေါ်ဆောင်ရန် အားကိုးနိုင်လောက်သည့် အနေအထားမရှိတော့ကြောင်း ပေါ်လွင်သည်ထက် ပေါ်လွင်လာသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ရောမ) ဥပဒေ ပုဒ်မ (၇) လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှု ပုဒ်မခွဲ (၁) (င) တွင် ပြဌာန်းထားသည့် ထောင်သွင်းအကျဉ်းချခြင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပြင်းထန်စွာဆုံးရှုံးစေခြင်း၊ ဟူသည့် ပြဌာန်းချက်ကို အတိအလင်း ကျူးလွန်လိုက်ခြင်းဖြစ်သည်။ ယင်း ဥပဒေ ပုဒ်မ ၁၄ (၁) အရ ယင်းအခြေအနေများကို စုံစမ်းစစ်ဆေးပေးရန် စါချုပ်ဝင် နိုင်ငံ တနိုင်ငံက တရားစွဲ အရာရှိထံ လွှဲပြောင်းပေးအပ်နိုင်သည်။ ပုဒ်မ (၁၅) အရ တရားစွဲအရာရှိသည် မှုခင်းကို စတင်စုံစမ်းစစ်ဆေးနိုင်သည်။ နအဖ အတွင်းတွင် တပ်မတော်ကို နိုင်ငံရေးနှင့် ကင်းကင်းနေစေပြီး စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး တည်ဆောက်လိုသည့် ဗိုလ်ချုပ်များရှိနိုင်သည်။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် ဗိုလ်ချုပ်အချို့သည် နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများကို ထပ်ခါတလဲလဲ ကျူးလွန်လျှက်ရှိနေကြသည်။ တရားစီရင်ရေးစနစ်က အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့်လည်း ပို၍လက်ရဲဇက်ရဲဖြစ်လာကြပြီး ဆက်လက်ကျူးလွန်ကြသဖြင့် ဥပဒေစိုးမိုးရေး အခြေခံပျက်သုဉ်းလျှက်ရှိသည်။ ဥပဒေ စိုးမိုးရေးမရှိလျှင် မည်သည့်အခါတွင်မျှ စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးမရှိနိုင်ပါ။ သို့ဖြစ်၍ ဥပဒေစိုးမိုးရေးရှိလာစေရန် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက အရေးယူ ဆောင်ရွက်လာနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။

အသေးစိပ်သိလိုလျှင် ဆက်သွယ်ရန် နေ့စွဲ။ မေလ (၁၆) ရက် ၂၀၀၉ ခုနှစ်
နမ့်ဆန်းရှာဖေါင်၊ အဖွဲ့ ခေါင်းဆောင် **(BLC Working Team for ICC)** ဖုန်း– (၆၆) (၀) ၈၆ ၁၉၉ ၆၈၂၇